**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မှတ်ကောင်သားဖောက်မွေးမြူခြင်း၊ မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း၊ မှတ်ခွံရောင်းချခြင်းခွင့်ပြုမိန့်**

| | |
|---|---|
| **လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန** | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း |
| **ရည်ရွယ်ချက်** | မှတ်ကောင်သားဖောက်ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် |
| **လိုအပ်သည့် စာရွက်စာတမ်း** | ၁။ ကုမ္ပဏီမှတာဝန်ရှိသူ (ဥက္ကဋ္ဌ/မန်နေဂျင်းဒါရိုက်တာ) ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာပုံစံ(မပလ-၁)။<br>၂။ သက်တမ်းရှိသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်။<br>၃။ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်စာရင်းပုံစံ(၆)၊ ပုံစံ(၂၆)။<br>၄။ ဒါရိုက်တာအဖွဲ့ဝင်များ၏ အချက်အလက်များ၊ ရောင်စုံ ဓာတ်ပုံနှင့် လက်မှတ်မူရင်းပါဝင်သော ဇယား။<br>၅။ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း။<br>၆။ အဆိုပြုလျှောက်ထားသည့် လုပ်ကွက်၏ တစ်လက်မ တစ်မိုင်စကေး မြေပုံညွှန်းအမှတ်များပါဝင်သည့် တည်နေရာပြမြေပုံ (ရောင်စုံဖြင့်)။<br>၇။ (၁)လအတွင်း ရယူထားသော ကုမ္ပဏီ၏ ငွေကြေးခိုင်မာမှု အထောက်အထား (မူရင်း)။<br>၈။ ကုမ္ပဏီတည်ရှိရာ ကျွန်းစခန်းတွင် ကျေးရွာရှိပါက ၎င်းကျေးရွာတွင် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူကြောင်း ဒေသခံပြည်သူလူထု၏ ထောက်ခံချက်။<br>၉။ ကုမ္ပဏီ၏ လိပ်စာမှန်ကန်ကြောင်း ကုမ္ပဏီအခြေစိုက် တည်ရှိရာရဲစခန်း၏ ထောက်ခံချက်(မူရင်း)နှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား မိတ္တူ၊ (ပြည်ပကုမ္ပဏီများအတွက် သက်ဆိုင်ရာ သံရုံးထောက်ခံချက်)။<br>၁၀။ အသုံးပြုမည့် ပုလဲမွေးမြူရေးကျွမ်းကျင်သူ၊ မှတ်ကောင်သားဖောက်ကျွမ်းကျင်သူ၊ |

| | |
|---|---|
| | မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်း ကျွမ်းကျင်သူ၊ ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူ။<br>၁၁။ ဝန်ထမ်းများ၏ကျန်းမာရေးစောင့်ရှောက်ရန် ဆရာဝန်/ကျန်းမာရေးမှူး။<br>၁၂။ ပုလဲမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်မည့် မော်တော်ယာဉ်၊ ရေယာဉ်စာရင်း၊ အဆောက်အဦစာရင်း၊ စက်နှင့် စက်ကိရိယာ ပစ္စည်းစာရင်းများကို ဖော်ပြရန်။<br>၁၃။ အဆိုပြုလွှာ(Proposal) ။ |
| **လုပ်ငန်းစဉ် အဆင့်** | ၁။ ကုမ္ပဏီမှတင်ပြလာသော အဆိုပြုချက်အား မြန်မာ့ပုလဲလုပ်ငန်းမှစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံပါက ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၂။ ဝန်ကြီးရုံးမှ မြန်မာ့ပုလဲလုပ်ငန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခြင်း။<br>၃။ မြန်မာ့ပုလဲလုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ကွက်ဧရိယာအား ကွင်းဆင်းစစ်ဆေးခြင်း။<br>၄။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ မှတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် သင့်တော်ကြောင်း အစီရင်ခံစာ တင်ပြပါက အိတ်ဖွင့်တင်ဒါ ခေါ်ယူခွင့်ပြုပါရန် ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၅။ ဝန်ကြီးရုံးမှ မြန်မာ့ပုလဲလုပ်ငန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခြင်း။<br>၆။ မြန်မာ့ပုလဲလုပ်ငန်းမှ ကြမ်းခင်းဈေး တွက်ချက်ရေး ကော်မတီ ဖွဲ့စည်းခြင်း၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ ဖွဲ့စည်းခြင်း၊ တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း။<br>၇။ နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် တင်ဒါခေါ်ယူသည့်ကြော်ငြာထည့်သွင်းခြင်း။ |

| | |
|---|---|
| | ၈။ တင်ဒါတင်သွင်းလာသော ကုမ္ပဏီများအား ဝန်ကြီးရုံးတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်း။<br>၉။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း။<br>၁၀။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီမှ လုပ်ငန်း ဆောင်ရွက်ခွင့် ပြုကြောင်း အကြောင်းကြားခြင်း။<br>၁၁။ ကုမ္ပဏီ အဆိုပြု ကျွန်းစခန်းဧရိယာအား ဝန်ကြီးရုံးမှ တစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့၍ ဧရိယာ သုံးစွဲခွင့်အား သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၂။ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မြေနှင့် လွတ်ကင်းမှုရှိသဖြင့် ကန့်ကွက်ရန် မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြား လာပါက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကျွန်းစခန်း ရေပြင်ဧရိယာသုံးစွဲခွင့်နှင့် ကုန်းမြေဧရိယာအချို့တွင် လုပ်ငန်းသုံး အဆောက်အဦ ဆောက်လုပ်ခွင့်အား ဝန်ကြီးရုံးမှတစ်ဆင့် သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၃။ မြန်မာ့ပုလဲလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား ပြုစုပြီး ဝန်ကြီးဌာန၊ ဥပဒေအကြံပေးအဖွဲ့ (သတ္တုရေးရာ)သို့ ပေးပို့ခြင်း။<br>၁၄။ ဝန်ကြီးဌာန၊ ဥပဒေအကြံပေးအဖွဲ့ (သတ္တုရေးရာ)မှ စိစစ်ပြီး စာချုပ်(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေရှုထောင့်အရ စိစစ်ပြီး ပြင်ဆင် ဖြည့်စွက်ထားသော သဘောတူစာချုပ် (မူကြမ်း)အား ဝန်ကြီးရုံးမှ တစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနတို့၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားသော |

| | |
|---|---|
| | သဘောတူစာချုပ်(မူကြမ်း)အား ဝန်ကြီးဌာန၊ ဥပဒေအကြံပေးအဖွဲ့(သတ္တုရေးရာ)သို့ စိစစ်နိုင်ပါရန် တင်ပြခြင်း။ |
| | ၁၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့သို့ဝန်ကြီးရုံးမှ တစ်ဆင့် သဘောထားမှတ်ချက်များတောင်းခံခြင်း။ |
| | ၁၈။ သဘောတူစာချုပ်(မူကြမ်း)အား အင်္ဂလိပ်စာအရေးအသား၊ သဒ္ဒါအထားအသို မှန်ကန်မှုရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ စိစစ်အတည်ပြု ပြန်ကြားပေးနိုင်ပါရန် ဝန်ကြီးရုံးမှတစ်ဆင့် တင်ပြခြင်း။ |
| | ၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သဘောထားမှတ်ချက်များ ပြည့်စုံစွာရရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)သို့ တင်ပြခြင်း။ |
| | ၂၀။ ဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)မှ သဘောတူပါက ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း။ |
| | ၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း။ |
| | ၂၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှသဘောတူပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြခြင်း။ |
| | ၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားလာပါက မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုမိန့်ကို ပုံစံ(မပလ-၃)ဖြင့် ထုတ်ပေးပြီး လုပ်ငန်း |

| | |
|---|---|
| | သဘောတူစာချုပ်အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့်ကုမ္ပဏီတို့မှ လက်မှတ်ရေးထိုး စာချုပ်ချုပ်ခြင်း။ |
| **ကုန်ကျစရိတ်** | အမေရိကန်ဒေါ်လာ (၅)သန်း |
| **ကြာမြင့်ချိန်** | ၄၈၉ ရက် |
| **လျှောက်ထားရမည့် နေရာ** | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း |
| **Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း** | ၂၀၂၂ ခုနှစ်ကုန်တွင် Hybrid Online ဖြစ်ရန် လျာထားပါသည်။ |
| **အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/ အဆင့်** | ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| **ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်း ပုဒ်မ/ အပိုဒ်နံပါတ်** | မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၅(က)၊ နည်းဥပဒေ ၄(ဃ) |

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းခွင့်ပြုမိန့်**

| | |
|---|---|
| **လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန** | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း |
| **ရည်ရွယ်ချက်** | မုတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် |
| **လိုအပ်သည့် စာရွက်စာတမ်း** | ၁။ ကုမ္ပဏီမှတာဝန်ရှိသူ (ဥက္ကဋ္ဌ/မန်နေဂျင်းဒါရိုက်တာ) ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာပုံစံ(မပလ-၂)။<br>၂။ သက်တမ်းရှိသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်။<br>၃။ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်စာရင်းပုံစံ(၆)၊ ပုံစံ(၂၆)။<br>၄။ ဒါရိုက်တာအဖွဲ့ဝင်များ၏ အချက်အလက်များ၊ ရောင်စုံ ဓာတ်ပုံနှင့် လက်မှတ်မူရင်း ပါဝင်သော ဇယား။<br>၅။ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း။<br>၆။ အဆိုပြုလျှောက်ထားသည့် လုပ်ကွက်၏ တစ်လက်မ တစ်မိုင်စကေး မြေပုံညွှန်း အမှတ်များ ပါဝင်သည့် တည်နေရာပြ မြေပုံ။ (ရောင်စုံဖြင့်)<br>၇။ (၁)လအတွင်း ရယူထားသော ကုမ္ပဏီ၏ ငွေကြေး ခိုင်မာမှုအထောက်အထား (မူရင်း)။<br>၈။ ကုမ္ပဏီတည်ရှိရာ ကျွန်းစခန်းတွင် ကျေးရွာရှိပါက ၎င်းကျေးရွာတွင်လုပ်ငန်း လုပ်ကိုင်ခွင့် သဘောတူကြောင်း ဒေသခံပြည်သူလူထု၏ ထောက်ခံချက်။<br>၉။ ကုမ္ပဏီ၏ လိပ်စာမှန်ကန်ကြောင်း ကုမ္ပဏီအခြေစိုက် တည်ရှိရာ ရဲစခန်း၏ထောက်ခံချက်(မူရင်း)နှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။<br>၁၀။ အသုံးပြုမည့် ပုလဲမွေးမြူရေးကျွမ်းကျင်သူ၊ မုတ်ကောင်သားဖောက်ကျွမ်းကျင်သူ၊ မုတ်ကောင် ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ၊ ပုလဲမွေးမြူရေး(ရေငုပ်)ကျွမ်းကျင်သူ။<br>၁၁။ ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်ရန် ဆရာဝန်/ |

| | |
|---|---|
| | ကျန်းမာရေးမှူး။<br>၁၂။ ပုလဲမွေးမြူရေး လုပ်ငန်းအတွက် လိုအပ်မည့် မော်တော်ယာဉ်၊ ရေယာဉ်စာရင်း၊ အဆောက်အဦစာရင်း၊ စက်နှင့် စက်ကိရိယာ ပစ္စည်းစာရင်းများကို ဖော်ပြရန်။<br>၁၃။ အဆိုပြုလွှာ(Proposal)။ |
| **လုပ်ငန်းစဉ် အဆင့်** | ၁။ ကုမ္ပဏီမှတင်ပြလာသော အဆိုပြုချက်အား မြန်မာ့ပုလဲလုပ်ငန်းမှစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံပါက ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၂။ ဝန်ကြီးရုံးမှ မြန်မာ့ပုလဲလုပ်ငန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခြင်း။<br>၃။ မြန်မာ့ပုလဲလုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ကွက်ဧရိယာအား ကွင်းဆင်းစစ်ဆေးခြင်း။<br>၄။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ မှတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် သင့်တော်ကြောင်း အစီရင်ခံစာ တင်ပြပါက အိတ်ဖွင့်တင်ဒါ ခေါ်ယူခွင့်ပြုပါရန် ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၅။ ဝန်ကြီးရုံးမှ မြန်မာ့ပုလဲလုပ်ငန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခြင်း။<br>၆။ မြန်မာ့ပုလဲလုပ်ငန်းမှ ကြမ်းခင်းဈေး တွက်ချက်ရေး ကော်မတီ ဖွဲ့စည်းခြင်း၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ ဖွဲ့စည်းခြင်း၊ တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း။<br>၇။ နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် တင်ဒါခေါ်ယူသည့်ကြော်ငြာထည့်သွင်းခြင်း။<br>၈။ တင်ဒါတင်သွင်းလာသော ကုမ္ပဏီများအား ဝန်ကြီးရုံးတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်း။<br>၉။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း။ |

| | |
|---|---|
| | ၁၀။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီမှ လုပ်ငန်း ဆောင်ရွက်ခွင့် ပြုကြောင်း အကြောင်းကြားခြင်း။<br>၁၁။ ကုမ္ပဏီ အဆိုပြု ကျွန်းစခန်းဧရိယာအား ဝန်ကြီးရုံးမှ တစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့၍ ဧရိယာ သုံးစွဲခွင့်အား သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၂။ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မြေနှင့် လွတ်ကင်းမှုရှိသဖြင့် ကန့်ကွက်ရန် မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြား လာပါက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကျွန်းစခန်း ရေပြင်ဧရိယာသုံးစွဲခွင့်နှင့် ကုန်းမြေဧရိယာအချို့တွင် လုပ်ငန်းသုံး အဆောက်အဦ ဆောက်လုပ်ခွင့်အား ဝန်ကြီးရုံးမှတစ်ဆင့် သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၃။ မြန်မာ့ပုလဲလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား ပြုစုပြီး ဝန်ကြီးဌာန၊ ဥပဒေအကြံပေးအဖွဲ့ (သတ္တုရေးရာ)သို့ ပေးပို့ခြင်း။<br>၁၄။ ဝန်ကြီးဌာန၊ ဥပဒေအကြံပေးအဖွဲ့ (သတ္တုရေးရာ)မှ စိစစ်ပြီး စာချုပ်(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေရှုထောင့်အရ စိစစ်ပြီး ပြင်ဆင် ဖြည့်စွက်ထားသော သဘောတူစာချုပ် (မူကြမ်း)အား ဝန်ကြီးရုံးမှ တစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခြင်း။<br>၁၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တို့၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားသော သဘောတူစာချုပ်(မူကြမ်း)အား ဝန်ကြီးဌာန၊ ဥပဒေအကြံပေး အဖွဲ့(သတ္တုရေးရာ)သို့ စိစစ်နိုင်ပါရန် တင်ပြခြင်း။<br>၁၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက် သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရင်းနှီး |

| | |
|---|---|
| | မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန တို့သို့ ဝန်ကြီးရုံးမှတစ်ဆင့် သဘောထားမှတ်ချက်များတောင်းခံခြင်း။<br>၁၈။ သဘောတူစာချုပ် (မူကြမ်း) မှာ ပြည်တွင်း ကုမ္ပဏီဖြစ်သဖြင့် အင်္ဂလိပ်စာအရေးအသား၊ သဒ္ဒါ အထားအသို မှန်ကန်မှုရှိစေရေး အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနသို့ ပေးပို့ရန် မလိုအပ်ပါ။<br>၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သဘောထားမှတ်ချက် များ ပြည့်စုံစွာရရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ)သို့ တင်ပြခြင်း။<br>၂၀။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)မှ သဘောတူ ပါက ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြ ခြင်း။<br>၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း။<br>၂၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူပါက မြန်မာ့ ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၄)ဖြင့် ထုတ်ပေးပြီး လုပ်ငန်း သဘောတူ စာချုပ်အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း နှင့် ကုမ္ပဏီတို့မှ လက်မှတ်ရေးထိုး စာချုပ်ချုပ်ခြင်း။<br>၂၃။ ပြည်တွင်းကုမ္ပဏီများအနေဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော် မရှင်၏ ခွင့်ပြုမိန့် ဆက်လက် လျှောက်ထားနိုင်ပါသည်။<br>၂၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးရုံး မှတစ်ဆင့် တင်ပြနိုင်ပါသည်။ |
| **ကုန်ကျစရိတ်** | မြန်မာငွေကျပ်သန်း ၂၀၀၀ |
| **ကြာမြင့်ချိန်** | ၄၈၉ ရက် |

| | |
|---|---|
| **လျှောက်ထားရမည့် နေရာ** | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| **Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း** | ၂၀၂၂ ခုနှစ် နှစ်ကုန်တွင် Hybrid Online စနစ်ဖြစ်ရန်လျာထားပါသည်။ |
| **အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်** | ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| **ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်း ပုဒ်မ/ အပိုဒ်နံပါတ်** | မြန်မာ့ပုလဲလုပ် ငန်း ဥပဒေပုဒ်မ ၅(ခ)၊ နည်းဥပဒေ ၄(ဆ) |

## ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်

| | |
|---|---|
| **လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန** | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| **ရည်ရွယ်ချက်** | မုတ်ကောင်သားဖောက်ရန်အတွက် မိခင်မုတ်ကောင်ရရှိရန် |
| **လိုအပ်သည့်စာရွက်စာတမ်း** | ၁။ ကိုယ်တိုင်ရေး လျှောက်လွှာဖြင့် လျှောက်ထားခြင်း။<br>၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေ ၅(က) ပုံစံ(မပလ-၅)၊ လျှောက်လွှာဖြင့် လျှောက်ထားခြင်း။<br>၃။ မှတ်ပုံတင်မိတ္တူ။ |
| **လုပ်ငန်းစဉ် အဆင့်** | ၁။ ကုမ္ပဏီမှတင်ပြလာသော အဆိုပြုချက်အား မြန်မာ့ပုလဲလုပ်ငန်းမှ စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီ ပြည့်စုံပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း။<br>၂။ စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုပါက ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၃။ ဝန်ကြီးရုံးမှ တစ်ဆင့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ)သို့ တင်ပြခြင်း။<br>၄။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)မှ ခွင့်ပြုချက်ရရှိပါက မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဃ) အရ အခကြေးငွေကျပ် တစ်သိန်း ပေးသွင်းစေခြင်း။<br>၅။ ငွေကျပ် တစ်သိန်းပေးသွင်းပြီးပါက မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေ ၆ (ဃ) အရ မြန်မာ့ပုလဲလုပ်ငန်းမှ ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၇)ဖြင့် ထုတ်ပေးခြင်း။ |
| **ကုန်ကျစရိတ်** | မြန်မာငွေကျပ် ၁၀ သန်း |
| **ကြာမြင့်ချိန်** | ၁ လ |
| **လျှောက်ထားရမည့်နေရာ** | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်လုပ်ငန်း |
| **Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း** | ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် Fully Online စနစ်ဖြစ်ရန် လျာထားပါသည်။ |
| **အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်** | ဦးဆောင်ညွှန်ကြားရေးမှူး |
| **ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်း ပုဒ်မ/ အပိုဒ်နံပါတ်** | မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၆၊ နည်းဥပဒေ ၆(ဃ) |

## ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်

| | |
|---|---|
| **လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန** | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| **ရည်ရွယ်ချက်** | မုတ်ခွံရောင်းချခြင်းလုပ်ငန်းအား ခွင့်ပြုမိန့် သီးသန့်ထုတ်ပေးရခြင်းမှာမုတ်ခွံနှင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သည့် အသေးစားလုပ်ငန်းရှင်များအတွက် ရည်ရွယ် ခွင့်ပြုထားခြင်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် |
| **လိုအပ်သည့် စာရွက်စာတမ်း** | ၁။ ကိုယ်တိုင်ရေး လျှောက်လွှာဖြင့် လျှောက်ထားခြင်း။<br>၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေ ၅(ခ) ပုံစံ(မပလ-၆)၊ လျှောက်လွှာဖြင့် လျှောက်ထားခြင်း။<br>၃။ မှတ်ပုံတင်မိတ္တူ။<br>၄။ ကုမ္ပဏီမှတ်ပုံတင် သို့မဟုတ် မုတ်ခွံအချောထည်လုပ်ငန်းလိုင်စင် သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်မိတ္တူ။ |
| **လုပ်ငန်းစဉ် အဆင့်** | ၁။ ကုမ္ပဏီမှတင်ပြလာသော အဆိုပြုချက်အားမြန်မာ့ပုလဲလုပ်ငန်းမှ စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီ ပြည့်စုံပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း။<br>၂။ စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုပါက ဝန်ကြီးရုံးသို့ တင်ပြခြင်း။<br>၃။ ဝန်ကြီးရုံးမှ တစ်ဆင့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ)သို့ တင်ပြခြင်း။<br>၄။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)မှ ခွင့်ပြုချက်ရရှိပါက မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(ဃ) အရ အခကြေးငွေကျပ် တစ်သိန်း ပေးသွင်းစေခြင်း။<br>၅။ ငွေကျပ် တစ်သိန်း ပေးသွင်းပြီးပါက မြန်မာ့ပုလဲလုပ်ငန်းနည်း |

| | |
|---|---|
| | ဥပဒေ ၆ (ဃ)၊ ပုံစံ(မပလ-၈)ဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း ခွင့်ပြုမိန့်အား ထုတ်ပေးခြင်း။ |
| **ကုန်ကျစရိတ်** | မြန်မာငွေကျပ် ၁၀ သန်း |
| **ကြာမြင့်ချိန်** | ၁ လ |
| **လျှောက်ထားရမည့်နေရာ** | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း |
| **Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း** | ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် Fully Online စနစ်ဖြစ်ရန် လျာထားပါသည်။ |
| **အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်** | ဦးဆောင်ညွှန်ကြားရေးမှူး |
| **ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်း ပုဒ်မ/ အပိုဒ်နံပါတ်** | မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၆၊ နည်းဥပဒေ ၆(ဃ) |

## ခွင့်ပြုမိန့်ကြေးများ

| စဉ် | လုပ်ငန်းအမျိုးအစား | ပေးဆောင်ရသည့်နှုန်း | |
|---|---|---|---|
| | | US$ | ကျပ် |
| ၁ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင် သားဖောက်မွေး မြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း၊ မုတ်ခွံရောင်းချခြင်းခွင့်ပြုမိန့် | ၁၀၀,၀၀၀ | |
| ၂ | ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း ခွင့်ပြုမိန့် | | ၁၀၀,၀၀၀,၀၀၀ |
| ၃ | ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် ဖမ်းဆီခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် | | ၁၀၀,၀၀၀ |
| ၄ | ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် | | ၁၀၀,၀၀၀ |